## Twenty-Third Sunday in Ordinary Time (September 07, 2014)

**1st READING:** ***Ezekiel 33: 7-9***

ယေဇကျေလအနာဂတ္တိကျမ်း ၃၃း ၇-၉

ထိုအတူအချင်းလူသား သင့်ကိုဣသရေလအမျိုး၌ ကင်းစောင့်စေခြင်းငှါ ငါခန့်ထားသောကြောင့်၊ သင်သည်ငါ၏နှုတ်ထွက်စကားကိုနာခံ၍သူတို့ကိုသတိပေးရမည်။ ငါသည်လူဆိုးအား၊အိုလူဆိုး၊ အကယ်စင်စစ် သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသောသူကိုသူ၏ လမ်းမှလွှဲစေခြင်းငှါသင်သည် သတိမပေးလျှင်၊ ထိုလူဆိုးသည် မိမိအပြစ်ကြောင့် အသက်ဆုံးလိမ့်မည်။ သို့ရာတွင်၊သူ၏အသက်ကို သင်၌ငါတောင်းမည်။ သို့မဟုတ် လူဆိုးကိုသူ၏လမ်းမှလွှဲစေခြင်းငှါ သင်သည်သတိပေး၍သူသည်မလွှဲဘဲ နေလျှင်၊မိမိအပြစ်ကြောင့်အသက်ဆုံးသော်လည်းသင်သည်ကိုယ်အသက်ကိုကယ်တင် ပြီ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  95: 1-2, 6-7,8-9

ဆာလံကျမ်း ၉၅

**သံပြိုင်။** ။ယနေ့သင်တို့သည် ကိုယ်တော်၏အသံကိုကြားလျှင် သင်တို့၏နှလုံးများကိုတင်းမာ၍မထားကြနှင့်။

R. **If today you hear his voice, harden not your hearts.**

၁။ လာကြ၊ထာဝရဘုရားအား ရွှင်လန်းစွာသီဆိုဧကျူးကြကုန်စို့။ ငါတို့ကယ်တင်ခြင်း၏ကျောက်ဆောင်ထံတော်သို့ကျယ်လောင်စွာ အော်ဟစ်ကြစို့။ ကိုယ်တော်၏ရှေ့တော်သို့ ကျေးဇူးတော်ကိုချီးမွမ်းလျက်လာရောက်၍ကိုယ်တော်အားတူရိယာသံ၊တေးသီချင်းသံတို့ဖြင့်ချီးမြှောက်ကြကုန်စို့။ **သံပြိုင်။**

Come, let us sing joyfully to the LORD; let us acclaim the rock of our salvation. Let us come into his presence with thanksgiving; let us joyfully sing psalms to him.

၂။ လာကြ၊ဦးညွှတ်၍ရှိခိုးကိုးကွယ်ကြကုန်စို့။ ငါတို့ဖန်ဆင်းရှင်ထာဝရဘုရား၏ ရှေ့တော်၌ဒူးထောက်ကြကုန်စို့။ အကြောင်းမူကားကိုယ်တော်သည်ငါတို့၏ဘုရားသခင်ဖြစ်တော်မူ၏။ငါတို့သည်ကိုယ်တော်၏စားကျက်တွင်ကျက်စားသောသူများကိုယ်တော်ထိန်းသိမ်းမှုအောက်ရှိသိုးစုဖြစ်ပါ၏။ **သံပြိုင်။**

Come, let us bow down in worship; let us kneel before the LORD who made us. For he is our God, and we are the people he shepherds, the flock he guides.

၃။ ယနေ့ သင်တို့သည် ကိုယ်တော်၏အသံကိုကြားရပါလျက် သဲကန္တာရတွင်မေရိဘာ၌ လည်းကောင်း၊မာဆာ၌လည်းကောင်းထိုနေ့ရက်၌သင်တို့ပြုခဲ့သည့်အတိုင်းသင်တို့၏နှလုံးများကိုတင်းမာ၍မထားကြနှင့်။ထိုအရပ်၌သင်တို့၏ဘိုးဘေးတို့သည်ငါပြုခဲ့သည့်အမှုတို့ကိုမြင်ကြရပြီးဖြစ်သော်လည်းငါ့ကိုစုံစမ်းနှောင့်ရှက်ခဲ့ကြ၏။ **သံပြိုင်။** ။

Oh, that today you would hear his voice: “Harden not your hearts as at Meribah, as in the day of Massah in the desert, Where your fathers tempted me; they tested me though they had seen my works.”

**2nd READING: Romans 13: 8-10**
ရောမသြဝါဒစာ **၁၃း ၈–၁၀**

သင်တို့အချင်းချင်း ချစ်ခြင်းမေတ္တာကြွေးမှတစ်ပါး မည်သည့်ကြွေးမျှမတင်စေနှင့်။ မိမိ၏နီးစပ်သူကိုချစ်သောသူသည် ပညတ်တရားကို လိုက်နာစောင့်ထိန်း၏။ အကြောင်းမူကား၊ သူ့မယားကိုမပြစ်မှားနှင့်။ လူ့အသက်ကိုမသတ်နှင့်။ သူ့ပစ္စည်းဥစ္စာကိုမခိုးနှင့်မမှန်ကန်သောသက်သေကိုမခံနှင့်။ သူ့ပစ္စည်းဥစ္စာကိုလိုချင်တပ်မက်သော စိတ်မရှိနှင့်ဟူသော ပညတ်တော်များနှင့် အခြားပညတ်တို့ သည် သင်နှင့်နီးစပ်သော သူကို သင့်ကိုယ်သင်ချစ်သကဲ့သို့ ချစ်လော့ ဟုဟူသည့်ပညတ်တော်တွင် ချုပ်ထားခြင်းဖြစ်၏။ချစ်ခြင်းမေတ္တာရှိသောသူသည်ကိုယ့်နှင့်နီးစပ်သောသူကိုမထိခိုက်တတ်။ထို့ကြောင့်ချစ်ခြင်းမေတ္တာသည်ပညတ်တရား အားလုံးကိုပြည့်စုံစေ၏

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 18: 15-20***
ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၈း ၁၅–၂၀**

သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားမိလျှင် သူ့ထံသို့သွား၍နှစ်ဦးတည်းတွေ့ဆုံဆုံးမလော့၊သင်၏စကားကိုသူနားထောင်လျှင်သင်သည်သင်၏ညီအစ်ကိုကိုပြန်ရလေပြီ။ သို့ မဟုတ်သူသည်သင်၏စကားကိုနားမထောင်လျှင် အခြားတစ်ဦးသို့မဟုတ်နှစ်ဦးတို့ကို သင်နှင့်အတူ ခေါ်သွားလော့၊နှစ်ဦးသို့မဟုတ်သုံးဦးတို့၏သက်သေအားဖြင့်သာ သင်ပြောသမျှစကားတို့သည် အတည်ဖြစ်လိမ့်မည်။ အကယ်၍သူသည်ထိုသူတို့၏စကားကိုလည်းနားမထောင်လျှင် အသင်းတော်အား တိုင်ကြားလော့၊အသင်းတော်၏စကားကိုလည်းသူနားမထောင်လျှင် ထိုသူအားလူမျိုး၊ဘာသာခြားသူတစ်ယောက်သို့မဟုတ် အခွန်ခံသူတစ်ယောက်အဖြစ်မှတ်ယူလော့။ သင်တို့အား ငါအမှန်ဆိုသည်ကား ကမ္ဘာမြေပေါ်တွင်သင်တို့ချည်နှောင်သမျှသည်ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိမည်။ကမ္ဘာမြေပေါ်တွင်သင်တို့ဖြေလွှတ်သမျှသည်ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်တစ်ဖန်သင်တို့အားငါအမှန်ဆိုသည်ကားကမ္ဘာမြေတွင်သင်တို့အနက်၊နှစ်ဦးသည်မည်သည့်အရာကိုမဆိုစိတ်တူသဘောတူတောင်းခံကြလျှင် ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်းတော်သည်သင်တို့အားပေးတော်မူလိမ့်မည်။အကြောင်းမူကားလူနှစ်ဦးသို့မဟုတ်သုံးဦးတို့သည်၊ငါ၏နာမကိုအမှီပြု၍စုဝေးကြလျှင်ထိုအရပ်၌သူတို့အလယ်မှာငါရှိသည်ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။